■改編自：多元文化繪本
□自編

107 年新北市各級學校東南亞語文競賽
團體朗讀文稿 A 緬甸 語 國小 組

# သင်္ကြန်ပွဲတော်

မြန်မာပြည်ရဲ့ နှစ်သစ်ကူးကာလအချိန်တွင် လမ်းပေါ်မှာ စည်စည်ကားကားနဲ့

အလှယာဉ်လှည့်ပတ်ပြီး မိန်းကလေးနဲ့ ယောက်ျားလေးများက အချစ်သီချင်း

တွဲဆိုနေကြပြီး ရိုးရာအကလည်း ကနေကြတယ်။

ပြီးတော့ အပြန်အလှန် အချင်းချင်း ရေပက်ကြတယ်။

လွန်ခဲ့တဲ့နှစ်တွေက အညစ်အကြေးတွေ စင်ကြယ်အောင်နဲ့ လာမဲ့နှစ်မှာဘေးကင်းအောင်၊

စီးပွားတိုးတက်အောင် ဆုမွန်ကောင်း တောင်းပါတယ်။

ဖေဖေနဲ့မေမေက ဖွားဖွားကို ရေပက်ပြီး ငွေကြေးဖြင့် ကန်တော့တယ်။ ဖွားဖွားက ဖေဖေနဲ့မေမေကို

ကျန်းမာပါစေ၊အလုပ်အကိုင်အဆင်ပြေပါစေလို့ ဆုမွန်ကောင်း

တောင်းပေးပါတယ်။

ကလေးများကလည်း ဖွားဖွားကို ရေပက်တယ်၊လက်သည်းခြေသည်း ညှပ်ပေးပြီး

ခေါင်းလည်းလျှော်ပေးတယ်။ ဖွားဖွားက ကလေးများကို ဘေးကင်းစွာ ကြီးပြင်းလာပါစေလို့

ဆုတောင်းပေးပါတယ်။

ဖွားဖွားက ဓါတ်ပုံစာအုပ် ယူလာပြီးပြောတယ်၊ အရင်တုန်းက ဖွားဖွားတို့ မြန်မာပြည်မှာ

နှစ်သစ်ကူးရင် အင်္ကျီအသစ်ဝတ်တယ်။ ပန်း၊သစ်သီးနဲ့ အစားအစာ ယူသွားပြီး၊ ဘုန်းကြီးကျောင်းမှာ

ဘုရားရေသပ္ပါယ်ပြီး၊ ဘုန်းကြီးကို ဆွမ်းကပ်ပါတယ်။ ဗောဓိပင်အောက်မှာ လူအချို့က

တရားထိုင်နေကြတယ်။ ဈေးထဲမှာ ငါးကလေးနဲ့ ငှက်ကလေးတွေ ရောင်းတဲ့ ဈေးသည်တွေ အများကြီး ရှိပါတယ်။ လူတွေက ငါးကလေးနဲ့ ငှက်ကလေးတွေကို ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါတယ်။ ကျွန်တော်တို့ ဆွေမျိုးတွေဆီကို တစ်အိမ်ပြီးတစ်အိမ် သွားလည်လေ့ရှိတယ်။ အချင်းချင်းရေပက်ပြီး ဆုမွန်ကောင်း တောင်းပေးကြတယ်။

နောက်ပြီးတော့ ကလေးနဲ့ လူကြီးတွေက ထန်းလျက်ကို ခလယ်မှာထည့်ပြီး မုန့်လုံးရေပေါ် လုံးကြတယ်။

မုန့်လုံးရေပေါ် လုံးလုံးလေးဟာ မိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ နေထိုင်ကြသလိုပဲ ရင်ထဲမှာ ချိုသာအေးမြလှပါတယ်။

နှစ်ကူးရဲ့ အချိုပွဲက အုန်းသီးမှုန့်ဖြူးထားတဲ့ မုန့်လုံးရေပေါ် ပါ ။ အစပ် တစ်လုံးပဲ ပါတယ်။စားမိတဲ့သူက ကံကောင်းတဲ့သူ ဖြစ်ပါလိမ့်မယ်။